PROPOSAL FORM (1) RE-ITEM 12 (a), (b), (c)

PARTICULAR RELATING TO ECONOMIC JUSTIFICATION

PROFIT AND LOSS BUDGET IN THOUSAND (000)

Exhibit No. (VIII)

Sr No		Particulars	Year 1 US$	Year 1 Kyat	Year 1 Equ.Ks	Year 2 US$	Year 2 Kyat	Year 2 Equ.Ks	Year 3 US$	Year 3 Kyat	Year 3 Equ.Ks	Year 4 US$	Year 4 Kyat	Year 4 Equ.Ks	Year 5-10 US$	Year 5-10 Kyat	Year 5-10 Equ.Ks
1		**SALE INCOME**															
	1	US$ Sales	8760		52560	9636		57816	10512		63072	11388		68328	12264		73584
	2	Kyat Sales		584000	584000		642400	642400		700800	700800		759200	759200		817600	817600
		Sub-Total	8760	584000	636560	9636	642400	700216	10512	700800	763872	11388	759200	827528	12264	817600	891184
2		**COST OF PRODUCTS**															
	1	Raw Material in US$	7506		45036	8256		49536	9007		54042	9758.0		58548	10508		63048
	2	Raw Material in Kyat		471000	471000		518100	518100		565200	565200		612300	612300		659400	659400
	3	Other Production Cost		15000	15000		16500	16500		18000	18000		19500	19500		21000	21000
		Sub-Total	7506	486000	531036	8256	534600	584136	9007	583200	637242	9758	631800	690348	10508	680400	743448
3		**GROSS PROFIT**	1254	98000	105524	1380	107800	116080	1505	117600	126630	1630	127400	137180	1756	137200	147736
4		**EXPENDITURES**															
	1	Salary & Wages	50	9000	9300		10000	10000		11000	11000		12000	12000		13000	13000
	2	Power & Electricity		3000	3000		3300	3300		3600	3600		3900	3900		4200	4200
	3	Selling Expenses	20	2000	2120	22	2200	2332	24	2400	2544	26	2600	2756	28	2800	2968
	4	Repair & Maintenance	50	5000	5300	55	5500	5830	60	6000	6360	65	6500	6890	70	7000	7420
	5	Other Expenditures	80	12600	13080	90	13800	14340	100	15000	15600	110	16200	16860	120	17400	18120
	6	Interest on DPPV	180		1080	135		810	90		540	45		270			0
	7	Land Rental		600	600		600	600		600	600		600	600		600	600
	8	Commercial Tax		58400	58400		64240	64240		70080	70080		75920	75920		81760	81760
	9	Depreciation		1560	1560		1560	1560		1560	1560		1560	1560		1560	1560
		Sub-Total	380.0	92160	94440	302.0	101200.0	103012.0	274.0	110240.0	111884.0	246	119280	120756	218	128320	129628
5		**PROFIT BEFORE TAX**	874.0	5840	11084.0	1078.0	6600.0	13068.0	1231.0	7360.0	14746.0	1384	8120	16424	1538	8880	18108
6		Income Tax										207.6	2436.0	3681.6	230.7	2664.0	4048.2
7		**PROFIT AFTER TAX**	874.0	5840	11084.0	1078.0	6600.0	13068.0	1231.0	7360.0	14746.0	1176.4	5684.0	12742.4	1307.3	6216.0	14059.8

Note: (1) Exchange Rate 1 US $ = Kyat 6.00 (2) Income Tax is calculated at the rate of 15% for profit in US$ and 30% for profit in Kyat.

(3) DPPV = Deferred Payment Purchased Value. (4) Depreciation is calculated at the rate of 10%.

PROPOSAL FORM (1) RE-ITEM 12(d)

YEARLY INVESTMENTS / CAPITAL COST

Exhibit No. (IX)

(Kyat in Thousand)

Sr. No.		Particulars	EQUITY	LOAN	TOTAL
1		2	3	4	5
1		**Investment Type**			
	A	LOCAL CAPITAL			
	1	In Cash	28000	-	28000
	2	In Factory Buildings	12000	-	12000
	3	In Machineries(US$ 600000)		3600	3600
	4	Raw Materials(US$ 3000000)	-	18000	18000
		TOTAL CAPITAL	40000	21600	61600

Note: Exchange Rate 1 US$ = Kyats 6.00

PROPOSAL FORM (1) RE-ITEM 12 (e)

RECOUPMENT PERIOD (Kyats in Thousand)

Exhibit No X

Sr.No		Particulars		Year 1	Year 2	Year 3	Year 4	Year 5	Year 6	Year 7	Year 8	Year 9	Year 10
1		2		3	4	5	6	7	8	9	10	11	12
1		**NET PROFIT AFTER TAX**											
	1	Profit in US$ after Tax		874	1078	1231	1176	1307	1307	1307	1307	1307	1307
	2	Equivalent in Kyats		5244	6468	7386	7056	7842	7842	7842	7842	7842	7842
	3	Profit in Kyats after Tax		5840	6600	7360	5684	6216	6216	6216	6216	6216	6216
	4	Depreciation		1560	1560	1560	1560	1560	1560	1560	1560	1560	1560
				12644	14628	16306	14300	15618	15618	15618	15618	15618	15618
2		**INVESTMENT**											
	1	Equity Capital in Cash	28000										
	2	Factory Buildings	12000										
	3	Raw Materials	18000										
	4	Machineries	3600										
			61600										
4		Total Net Profit	-61600	12644	14628	16306	14300	15618	15618	15618	15618	15618	15618
5		Opening Balance		-61600	-48956	-34328	-18022	-3722	11896	27514	43132	58750	74368
6		Accumulative Net Profit	-61600	-48956	-34328	-18022	-3722	11896	27514	43132	58750	74368	89986

Note: : (1)Pay back period is 4 years and 3 Months. (2)Exchange Rate 1 US$ = Kyat 6.0

	Kyats	Periods
Year 1 to 4	-3722	4 Years
Year 5 (3722/15618)* 12 Months	3722	3 Months
	0	4 Years and 3 Months

PROPOSAL FORM (1) RE-ITEM 12(f)

FOREIGN EXCHANGE SAVINGS & LOCAL KYAT SAVINGS

Exhibit No. XI

PARTICULARS	UNIT	Year 1	Year 2	Year 3	Year 4	Year 5	Year 6-10
Income in US$	US$ 000	8760	9636	10512	11388	12264	12264
Equivalent in Kyats	Ks 000	52560	57816	63072	68328	73584	73584
Local Income in Kyats	Ks 000	584000	642400	700800	759200	817600	817600
Total Income in Kyats	Ks 000	636560	700216	763872	827528	891184	891184
Foreign Exchange Savings							
Earning in US$	US$ 000	8760	9636	10512	11388	12264	12264
Direct Expenses in FE	US$ 000	7506	8256.0	9007	9758.0	10508	10508
Expenditures in FE	US$ 000	380	302	274	454	449	449
Repayment for DPPV	US$ 000	900	900	900	900	0	0
Total Expenditure in FE	US$ 000	8786	9458	10181	11112	10957	10957
FE Net Savings	US$ 000	**-26**	**178**	**331**	**276**	**1307**	**1307**
Local Kyats Savings							
Local Income in Kyats	Ks 000	584000	642400	700800	759200	817600	817600
Total Income in Kyats	Ks 000	584000	642400	700800	759200	817600	817600
Direct Expenses in Kyat	Ks 000	486000	534600	583200	631800	680400	680400
Expenditure in Kyat	Ks 000	90600	99640	108680	120156	129424	129424
Total Expenditures in Kyat	Ks 000	576600	634240	691880	751956	809824	809824
Local Kyat Net Savings	Ks 000	**7400**	**8160**	**8920**	**7244**	7776	7776

Note: (1) Exchange Rate 1 US$ = Kyat 6.00

(2) DPPV = Deferred Payment Purchase Value.

PROPOSAL FORM (1) RE-ITEM 12 (e) — (IN MILLION)

INTERNAL RATE OF RETURN — Exhibit No. XII

YEAR	INVESTMENT	NET PROFIT	DEPRECIATION	TOTAL CASH IN FLOW	CASH FLOW	DCF		DCF		DCF	
						DF 50%	DCF	DF 30%	DCF	DF 10%	DCF
1	61.600	11.084	1.560	12.644	-48.956	0.667	-32.654	0.769	-37.647	0.909	-44.501
2		13.068	1.560	14.628	14.628	0.444	6.495	0.591	8.645	0.826	12.083
3		14.746	1.560	16.306	16.306	0.296	4.827	0.455	7.419	0.751	12.246
4		12.742	1.560	14.302	14.302	0.197	2.817	0.350	5.006	0.683	9.768
5		14.060	1.560	15.620	15.620	0.131	2.046	0.269	4.202	0.621	9.700
6		14.060	1.560	15.620	15.620	0.087	1.359	0.207	3.233	0.564	8.810
7		14.060	1.560	15.620	15.620	0.058	0.906	0.159	2.484	0.513	8.013
8		14.060	1.560	15.620	15.620	0.039	0.609	0.122	1.906	0.466	7.279
9		14.060	1.560	15.620	15.620	0.026	0.406	0.094	1.468	0.424	6.623
10		14.060	1.560	15.620	15.620	0.017	0.266	0.072	1.125	0.385	6.014
TOTAL	61.600	136.000	15.600	151.600	90.000		-12.923		-2.160		36.034

* FORMULAR INTERNAL RATE OF RETURN = (G6 : G15)

IRR= 28%

DEFERRED PAYMENT LOAN AGREEMENT (Draft)
TO PURCHASE OF MACHINERIES AND MATERIALS
FOR CONSTRUCTION OF
SNACK FOOD FACTORY

BETWEEN

MIKKO SNACK INDUSTRY LIMITED

AND

M. MARK (ASIA) PTE LTD

This Loan Agreement is made on the th day of ------------ , 1997.

between

MIKKO SNACK INDUSTRY LIMITED, a Myanmar Company with its principal office of business at Room No. (B-8/C-8), No. 216/222, Mahabandoola Street, Pazundaung Township, Yangon, Union of Myanmar, a Limited Company under the Myanmar Companies Act (hereinafter referred to as " Party A " which expression shall, unless repugnant to the context or the meaning thereof, be deemed to include its successors, legal representatives and permitted assigns) represented for the purpose of this Agreement by its Managing Director, Daw Nwe Ni Aye of the one part,

and

M. MARK (ASIA) PTE LTD, a Company of Singapore and its principal office of business at Blk 6, Marine Vista # 17-21, Neptune Court, Singapore 449030, a company existing under the laws of Singapore (hereinafter referred to as " Party B " which expression shall, unless repugnant to the context or the meaning thereof, be deemed to include its successors legal representatives and permitted assigns) represented for the purpose of this Agreement by its Managing Director, Mr. Michael Chow a citizen of Singaporean of the other part.

1. WHEREAS The parties hereto are desirous of to lend and borrow for purchasing of machineries & equipments and materials which required for construction of " SNACK FOOD FACTORY" to construct and operate in Yangon, Union of Myanmar by the Party A's Capital and their management under the Myanmar Citizen Investment Law 1994.

2. WHEREAS The parties here to agree to do the Loan Agreement for the purpose of the Party B to supply the loan in Deferred Payment Purchase System to the Party A on the amount of US Dollar 3,600,000/- (US Dollar three million six hundred thousand only) of machineries & equipment and materials which required for the construction of "SNACK FOOD FACTORY" according to the discussion and agreement within the two parties were as follows:-

3. PAYMENT OF LOAN

3.1 The Lender must pay Deferred Payment to the Borrower for the above loan on the amount of US Dollar 3,600,000/- (US Dollar three million six hundred thousand only) when the Borrower get the necessary permit from the Myanmar Investment Commission to doing the business of construction of "SNACK FOOD FACTORY" under the Myanmar Citizen Investment Law, 1994.

3.2 The list of machineries & equipment and materials required for construction of "SNACK FOOD FACTORY" is attached as a Exhibit No. I and detail invoice and other necessary documents for shipping, will be prepared when the Borrower get the Permit from the Myanmar Investment Commission.

4. REPAYMENT OF LOAN

4.1 The Borrower must repay for the above loan after receiving the necessary machineries & equipment and materials, on the amount of US Dollar 3,600,000/- (US Dollar three million six hundred thousand only) to the Lender within four (4) years and we also need to pay interest on loan in the rate of 5% per annum by reducing balance method. Therefore, the repayment for principal amount of loan will be as follows:-

1998-1999 financial year	US$	900,000
1999-2000 financial year	US$	900,000
2000-2001 financial year	US$	900,000
2001-2002 financial year	US$	900,000
TOTAL	US$	3,600,000

5. INTEREST ON LOAN

5.1 The Borrower also need to pay interest on loan in the rate of 5% per annum by reducing balance method. Therefore, the payment for interest on loan will be as follows:-

1998-1999 financial year	US$	180,000
1999-2000 financial year	US$	135,000
2000-2001 financial year	US$	90,000
2001-2002 financial year	US$	45,000
TOTAL	US$	450,000

6. EFFECTIVENESS

6.1 This Agreement comes to effect from the date of signing by both parties and duly authenticated by witnesses, after obtaining the approval from the Myanmar Investment Commission for the proposed project of the Borrower.

7. ARBITRATION

7.1 If any dispute arises over the interpretation or implementation of this Agreement, such dispute shall be settled amicably between both contracting parties through mutual discussion. Disputes arising between both contracting parties that cannot be settled amicably as mentioned above shall be settled in the Union of Myanmar by arbitration, through two arbitrators appointed by and each representing one of the two contracting parties. Should the arbitrators failed to reach an agreement, the dispute shall be referred to an Umpire nominated by the arbitrators. The arbitration proceeding shall in all respect conform to the Arbitration Act, (Myanmar Act No. IV of 1944) or any subsisting statutory modifications thereof. The venue of arbitration shall be Yangon, Union of Myanmar, or any place in the Union of Myanmar agreed by the both parties. The Arbitration Fees shall be borne by the party against whom the award in made.

8. GOVERNING LAW

8.1 This Agreement shall be read, construed, interpreted and governed by the laws of the Union of Myanmar.

9. LAW OF PERFORMANCE

9.1 Both parties shall carry out their obligations arising out of this Agreement in accordance with the Laws, Rules, Regulations, Procedures and Directives of the Union of Myanmar.

10. RENEGOTIATION OF THE AGREEMENT

10.1 In the event that any situation or condition arises due to circumstances not envisaged in this Contract and warrants to the Agreement, the parties shall make the necessary negotiation.

This LOAN AGREEMENT ' is executed by the authorized representatives of the parties in Yangon, Myanmar on the th --------------, 1997.

For and on behalf of **LENDER**	For and on behalf of **BORROWER**
(1) _______________ Mr. Michael Chow Managing Director, M. Mark (Asia) Pte Ltd, Singapore.	(2) _______________ Daw Nwe Ni Aye Managing Director Mikko Snack Industry Limited Yangon, Union of Myanmar.
In the Presence of	**In the Presence of**
(1) _______________ ------------------------ ------------------------ M. Mark (Asia) Pte Ltd, Singapore.	(2) _______________ ---------------- ------------------------, Mikko Snack Industry Limited Yangon, Union of Myanmar.

LIST OF MACHINERIES AND EQUIPMENT ETC TO BE IMPORTED

Exhibit No. I(A)

Sr No	PARTICULARS	UNIT	QTY	PRICE IN US$	VALUE IN US$
1	Paste Mixing Machine	Unit	1	8,800	8,800
2	Automatic Noodle Processing Machine	Unit	1	75000	75000
3	Deep Fryer Complete with Control and Oil Separator	Unit	2	36400	72800
4	Revolving Mixer	Unit	4	1200	4800
5	5 Layer Conveyor Oven	Unit	1	100000	100000
6	Packing Machine	Unit	4	7000	28000
7	Second Dryer	Unit	1	14800	14800
8	Grinder for Garlic and Onion	Unit	1	1000	1000
9	3 Blower Cooling Conveyor Machine	Unit	1	19000	19000
10	75 KW: Generator	Unit	1	14000	14000
11	Hitachi Compressor : 5 Horse Power	Unit	1	2600	2600
12	Auto Weighing Mixer Machinery C/W 2 Unit Stain Revolving Mixer	Set	1	35000	35000
13	Double Decker Thermal Oven and Stainless Steel Gear Pump for Liquid Flavour Applicator	Unit	1	24800	24800
14	Stainless Steel Hopper and Auto Conveyor	Unit	1	8800	8800
15	Automatic Flavour Complete with Mixer Control Panel	Unit	1	7800	7800
16	Ink Jet Machine	Unit	2	4000	8000
17	Saloon / Wagon Car	Unit	2	20000	40000
18	Pick-up Car	Unit	2	10000	20000
19	Truck (2 ton and up)	Units	2	8000	16000
20	Cement	Ton	1000	60	60000
21	M.S Rod	Ton	100	270	27000
22	Air Conditioner	Units	12	600	7200
23	Photo Copying Machine	Units	1	2200	2200
24	Computer & Printer	Set	1	2400	2400
	SUB-TOTAL OF MACHINERIES			US$	600,000
	SUB-TOTAL OF RAW MATERIALS			US$	3,000,000
	TOTAL			US$	3,600,000

VALUE OF RAW MATERIALS TO BE IMPORTED

Exhibit No. I(B)

Sr. No	DESCRIPTION	UNIT	QTY	PRICE IN US$	VALUE IN US$
1	Wheat Flour	Mt	2,400.00	350	840,000
2	Palm Oil/Vegetable Oil	Mt	595.00	600	357,000
3	Ammonia Food Grade	Mt	85.00	800	68,000
4	Baking Powder	Mt	36.00	1,000	36,000
5	Sugar	Mt	50.00	400	20,000
6	Coloring Powder	Mt	2.50	2,000	5,000
7	Packing Foil	Roll	16,800.00	80	1,344,000
8	Flavour	Mt	40.00	3,000	120,000
9	Pellet	Mt	600.00	350	210,000
	TOTAL		US$		3,000,000

ဦးညီညီအောင်

နှင့်

မီကိုစနက်(ခ်)အင်ဒတ်စ်ထရီလီမိတက်

တို့၏

မြေငှားသဘောတူညီမှုစာချုပ်

(မူကြမ်း)

မြေငှားသဘောတူစာချုပ်(မူကြမ်း)

ဤမြေငှားသဘောတူစာချုပ်ကို ၁၉၉၇ခုနှစ်၊ လ၊ ရက်နေ့တွင် အမှတ်(၆၃)၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သော မြန်မာနိုင်ငံသား တစ်ဦးဖြစ်သည့် **ဦးညီညီအောင်** (နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၀၀၄၃၂) (နောင်တွင် "အငှားချထားသူ"ဟုခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၄င်း၏ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုထားသည့်လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က တစ်ဖက် နှင့်

အခန်း (ဘီ-၈/စီ-၈)၊ အမှတ် (၂၁၆/၂၂၂)၊ ဗိုလ်မြတ်ထွန်းအိမ်ယာ၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်မှတ်ပုံတင်ရုံးတည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖွဲ့စည်းတည်ထောင်ထားသည့် **မီကိုစနက်(ခ်)အင်ဒတ်စ်ထရီလီမိတက်** (နောင်တွင် "အငှားချထားခြင်းခံရသူ"ဟုခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၄င်း၏ဆက်ခံသူများနှင့်ဥပဒေအရခွင့်ပြုထားသည့်လွှဲအပ်ခြင်းခံရသူများပါဝင်သည်)ကိုကိုယ်စားပြုသူအဖြစ် အုပ်ချုပ်မှုဒါရိုက်တာဒေါ်နွယ်နီအေးမှအခြားတစ်ဖက်တို့သည်အောက်ပါအတိုင်းမြေငှားသဘောတူစာချုပ်ချုပ်ဆိုကြသည်။

၁။ ရည်ရွယ်ချက်

ဤမြေငှားစာချုပ်တွင် "အငှားချထားခြင်းခံရသူ "သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း nack Food များဖြစ်သည့် (Prawn Cracker, Pillow Cracker, Prawn Stick) များထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဆန္ဒဖြင့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်ဇုန်(၁)၊ မြေကွက်အမှတ်(၄၆/က) တွင်တည်ရှိသော အငှားချထားသူပိုင် (၀.၅၅၀၅)ဧက ကျယ်ဝန်းသောပူးတွဲမြေပုံပါမြေနေရာကို ငှားရမ်းခြင်းဖြစ်သည်။

ဤမြေသည် "အငှားချထားသူ" မှလက်ဝယ်ရှိပြီး၊ တရားဝင်ပိုင်ဆိုင်မှုရှိကြောင်း တာဝန်ယူအာမခံပါသည်။ သို့ဖြစ်၍ မြေငှားရမ်းခြင်းနှင့်ပတ်သက်၍ အောက်ပါသဘောတူညီမှုများကို နှစ်ဦးနှစ်ဖက် ပြုလုပ်ကြပါသည်။

၂။ ငှားရမ်းခ

၂-၁ "အငှားချထားသူ"သည့်အငှားချထားမည့်မြေနေရာကို လွှဲပြောင်းငှားရမ်းပေးရန်နှင့် "အငှားချထားခြင်းခံရသူ" သည်၄င်းမြေနေရာကို ဤမြေငှားသဘောတူစာချုပ်နှင့်အတူ ပူးတွဲ ဖော်ပြထားသောမြေ(နောင်တွင် "အငှားချထားမည့်မြေနေရာ"ဟုခေါ်တွင်စေရမည်)ကို သုံးစွဲနိုင်သောအခွင့်အရေးနှင့်အတူ ဤမြေငှားသဘောတူ စာချုပ်၏အပိုဒ်(၆)တွင်ဖော်ပြပါရှိသည့် နေ့မှစတင်ပြီး ကနဦး(၅၀)နှစ် နှင့် (၅)နှစ် (၂)ကြိမ်စီဖြင့် သက်တမ်းတိုးမြှင့်သည့်ကာလအထိ မြေဧရိယာ(၀.၅၅၀၅)ဧက သို့မဟုတ် (၁၂၇၀၀)စတုရန်းပေ ရှိသောမြေကွက်ကို လက်ခံငှားရမ်းအသုံးပြုရမည်၊

၂-၂ ဤမြေငှားသဘောတူစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ အဆောက်အဦးတည်ဆောက် နေဆဲကာလအတွက် ငှားရမ်းခသတ်မှတ်ခြင်းမပြုရပါ။ စက်ရုံအဆောက်အဦး ဆောက်လုပ်ပြီးနောက် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ တစ်လလျှင် ကျပ် ၅၀၀၀၀/- (ကျပ်ငါးသောင်းတိတိ) နှုန်းဖြင့်ငှားရမ်းခအဖြစ် သတ်မှတ်ပေးချေရပါမည်။

၂-၃ နှစ်စဉ်ငှားရမ်းခကိုပေးချေရာတွင် လုပ်ငန်းတရားဝင်စတင်ဆောင်ရွက်သည့်နေ့မှ တစ်နှစ်စာရင်းပိတ်သည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ တစ်လလျှင် ကျပ် ၅၀၀၀၀/- (ကျပ်ငါးသောင်းတိတိ) နှုန်းဖြင့် သုံးလလျှင်တစ်ကြိမ် ပထမလ၏ရက်(၃၀)အတွင်း ကြိုတင်၍ပေးဆောင်ရမည်ဖြစ်သည်။

၃။ အငှားချထားခြင်းခံရသူ၏တာဝန်များ

၃-၁ အငှားချထားခြင်းခံရသူသည် အငှားချထားသူနှင့် ရှင်းလင်းစွာပြုလုပ်ထားသော ဆောင်ရွက်ပေးရန်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငှားရမ်းသည့်ကာလများ အတွက်ငှားရမ်းခများကို သတ်မှတ်သဘောတူထားသောနေ့ရက်တွင်ပေးရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များသို့ ပေးဆောင်ရမည့်ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအခကြေးငွေများကိုလည်း အချိန်မှန်မှန်ပေးဆောင်ရမည်။

(ခ) အငှားချထားသောမြေနေရာကို ထပ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲစိတ်ရောင်းချခြင်းစသည့်တို့ကို အငှားချထားသူ၏စာဖြင့် သဘောတူညီချက်မပါရှိဘဲ လုံးဝဆောင်ရွက်ခြင်းမပြုလုပ်ရ။

(ဂ) ငှားရမ်းသည့်ကာလများအတွင်း အငှားချထားသောမြေနေရာကိုကောင်းမွန်စွာ ထိမ်းသိမ်းရမည်ဖြစ်ပြီး၊ ငှားရမ်းသည့်ကာလကုန်ဆုံးသောအခါတွင်ဖြစ်စေ၊ သို့မဟုတ် ထပ်မံဘိုးချဲ့ငှားရမ်းခြင်းပြုလုပ်သောအခါတွင်ဖြစ်စေ ၄င်းမြေနေရာကို အငှားချထားသူထံသို့ ပြန်လည်လွှဲပြောင်းပေးရမည်။

(ဃ) အငှားချထားသောမြေနေရာတွင် လုပ်ငန်းများဆောင်ရွက် အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဝင်တည်ဆဲဥပဒေများနှင့် အညီကိုက်ညီမှုရှိအောင်ဆောင်ရွက်ရမည်။

(င) စည်ပင်သာယာခွန်အပါအဝင်ဖြစ်သော အခြားအလားတူလုပ်ငန်းသဘောအရ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကိုပေးဆောင်ရမည်။

(စ) အငှားချထားသောမြေပေါ်ရှိ အဆောက်အအုံများနှင့် လုပ်ငန်းအတွက် လိုအပ်သောအာမခံများကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှပ်နှံမှုဥပဒေနှင့် မြန်မာ့အာမခံဥပဒေများနှင့် အညီထားရှိရမည်။

(ဆ) အငှားချထားခြင်းခံရသူသည် မိမိလုပ်ငန်းမှစွန့်ပစ်ပစ္စည်းကြောင့် ပတ်ဝန်းကျင်ရှိမြေနေရာ၊ ရေနှင့်လေထုညစ်ညမ်းမှုများမှ ကာကွယ်ရေးအတွက်တာဝန်ယူပါသည်။

၄။ အငှားချထားသူ၏တာဝန်များ

၄-၁ အငှားချထားသူသည် အငှားချထားခြင်းခံရသူအား ဆောင်ရွက်ပေးရန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အငှားချထားခြင်းခံရသူအနေဖြင့် ငှားရမ်းခများကိုပေးဆောင်နေသည့်ငှားရမ်းကာလအတွင်း အငှားချထားသောမြေနှင့် အကျုံးဝင်သည့်အရာများကို ငြိမ်းချမ်းစွာ၊ အေးဆေးစွာနှင့် အနှောက်အယှက်ကင်းစွာတို့ဖြင့် အသုံးပြုဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်ဖြစ်ပြီး၊ ငှားရမ်းသည့်ကာလအတွင်း အငှားချထားသူ၏သဘောဆန္ဒအရ သို့မဟုတ် တစ်ဦးဦး၏ဝင်ရောက်တောင်းဆိုမှုအရ သို့မဟုတ် အငှားချထားသူ၏ ယုံကြည်အပ်နှံသူတို့မှ ပါဝင်ပတ်သက်မှုများဖြင့် ဝင်ရောက်နှောက်ယှက်ခြင်း မရှိစေရ။

(ခ) အငှားချထားသူသည် အငှားချထားသောမြေနှင့်ပတ်သက်သည့် ပေးဆောင်ရန်ရှိသော မြေခွန်ကိုပေးဆောင်ရမည်။

၅။ ငှားရမ်းခတိုးမြှင့်ခြင်း

၅-၁ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့သည် အငှားချထားသောမြေနေရာ နှင့် အဆောက်အဦးများအတွက် စာချုပ်စတင်အတည်ဖြစ်သည့်နေ့မှစ၍ (၅)နှစ်လျှင်တစ်ကြိမ် ငှားရမ်းခနှုန်းထားများကို ပြီးခဲ့သော(၅)နှစ်တာကာလ၏ ငှားရမ်းခနှုန်းများထက် (၁၅) ရာခိုင်နှုန်းထက်မပိုစေဘဲ တိုးမြှင့်ခြင်းကိုပြုလုပ်ရန်အတွက် ပြန်လည်ညှိနှိုင်းပြင်ဆင်သုံးသပ်ပိုင်ခွင့်ရှိစေရမည်။

၆။ ငှားရမ်းခြင်း၏သက်တမ်း

၆-၁ ဤမြေငှားသဘောတူစာချုပ်အရ ငှားရမ်းခြင်း၏သက်တမ်းမှာ စာချုပ် စတင်အကျိုးသက်ရောက်သည့်နေ့ မှစ၍ ကနဦးအနေဖြင့် (၅၀) နှစ် ဖြစ်ပြီး၊ ထိုသက်တမ်းကုန်ဆုံးပါက တကြိမ်လျှင်(၅)နှစ်စီဖြင့် (၂)ကြိမ်အထိ တိုးမြှင့် ငှားရမ်းနိုင်ရေးအတွက် အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့၏ နှစ်ဦးနှစ်ဘက် ညှိနှိုင်းမှုအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်နှင့်အညီ ဆက်လက် ငှားရမ်းမည်ဖြစ်သည်။

၆-၂ စုစုပေါင်းသက်တမ်း(၅၀)နှစ် ကုန်ဆုံး ပြီးပါက နှစ်ဦးနှစ်ဘက်ညှိနိုင်းသဘောတူညီမှုအရ ဆက်လက်တိုးမြှင့်ငှားရမ်းမည်ဖြစ်သည်။ ထို့သို့တိုးမြှင့်ငှားရမ်းခြင်း နှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိပြီးမှသာလျှင် အတည်ဖြစ်စေရမည်။ ငှားရမ်းခြင်းသက်တမ်းကို မြေငှားသဘောတူစာချုပ်စတင် အကျိုးသက်ရောက်သည့် နေ့မှ စတင်ရေတွက်မည် ဖြစ်သည်။ ငှားရမ်းခြင်းစတင်သည့်နေ့မှာ ဤသဘောတူ စာချုပ် လက်မှတ်ရေးထိုးသောနေ့ ဖြစ်သည်။

၇။ မလွှဲမရှောင်နိုင်သည့်ဖြစ်ရပ်များ

၇-၁ မလွန်ဆန်နိုင်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မီးလောင်ခြင်း၊ လေမုန်တိုင်းကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ မြေငလျင်တုန်လှုပ်ခြင်းနှင့် အလားတူ ထိန်းချုပ်၍မရနိုင်သည့်ဖြစ်ရပ်များ သို့မဟုတ် မည်သည့်ဖက်ကမျှ ကြိုးစားအားထုတ်ဆောင်ရွက်မှုဖြင့် တားဆီးမရနိုင်သောဖြစ်ရပ်များကြောင့် တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များကိုထမ်းဆောင်ရန်ပျက်ကွက်ပါက အဆိုပါမလွှဲမရှောင်နိုင်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ကြောင်းကို ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း အခြားတစ်ဖက်သို့ စာဖြင့်အကြောင်းကြားရမည်။ အခြားတစ်ဖက်ကလည်း မလွန်ဆန်နိုင်သည့်ဖြစ်ရပ် ပေါ်ပေါက်ကြောင်း လက်ခံပါက စာချုပ်ချုပ်ဆိုသူနှစ်ဦးနှစ်ဖက်စလုံးတွင် မည်သည့်တာဝန်မျှမရှိစေရ။ မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များပေါ်ပေါက်သည့်ကာလကို စာချုပ်ပါ သက်တမ်းကာလတွင် ထည့်သွင်း ရေတွက်ခြင်းမပြုရန် သဘောတူကြပါသည်။

၈။ သဘောတူစာချုပ်စတင်အကျိုးသက်ရောက်သောနေ့

၈-၁ ဤသဘောတူစာချုပ်သည် အငှားချထားသူနှင့်အငှားချထားခြင်းခံရသူတို့ နှစ်ဦးနှစ်ဘက် မြေငှားသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသဘောတူညီသည့်နေ့မှ စတင်၍အကျိုးသက်ရောက်မှုရှိစေရမည်ဖြစ်သည်။

၉။ စာချုပ်ရပ်စဲခြင်း

၉-၁ ဤသဘောတူစာချုပ်ကို အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ရပ်စဲခြင်း ပြုလုပ်နိုင်သည်။

(က) လုပ်ငန်းတွင် ကြီးမားစွာဆက်တိုက်အရှုံးပေါ်ပေါက်နေခြင်း၊

(ခ) မြေငှားသဘောတူစာချုပ်ဝင် တစ်ဖက်ဖက်မှ စာချုပ်ပါ တာဝန်များဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုလုပ်နိုင်သော မလွှဲမရှောင်နိုင်သည့်ဖြစ်ရပ်များ (၆)လ ထက်ပိုမိုဖြစ်ပေါ်လာခြင်း၊

(ဃ) သင်္ဘောတူစာချုပ်၏မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်း၊

၉-၂ သို့သော်ငြားလည်း အငှားချထားခြင်းခံရသူသည် ၎င်း၏လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်တည်ထောင်မှုပြုလုပ်နိုင်ရန်အတွက် ဤသင်္ဘောတူစာချုပ်ပါ ၎င်း၏အခွင့်အရေးများကို ခြွင်းချက်အဖြစ် သက်သာခွင့်ရရှိစေနိုင်သည်။ ဤသင်္ဘောတူစာချုပ်တွင်ပါရှိသော ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ နှစ်ဦးနှစ်ဖက်တို့သည် ဤသင်္ဘောတူစာချုပ်ကိုရုပ်စဲလိုပါက ရုပ်စဲလိုကြောင်းအကြောင်းကြားစာကို အခြားတစ်ဖက်ထံသို့ (၃)လ ကြိုတင်၍ပေးပို့အသိပေးရမည်။

၉-၃ ဤကဲ့သို့ မြေငှားသင်္ဘောတူစာချုပ်ရုပ်စဲရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူအတည်ပြုချက် ရရှိပြီးမှသာလျှင် စာချုပ်ရုပ်စဲနိုင်ခွင့်ရှိသည်။

၁၀။ အနညာတစီရင်ဆုံးဖြတ်ခြင်း

၁၀-၁ အကယ်၍ ဤမြေငှားသင်္ဘောတူစာချုပ်ပါ အချက်အလက်များနှင့်ပတ်သက်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အဓိပ္ပါယ်လွဲမှားမှုကြောင့်ဖြစ်စေ၊ အငြင်းပွားမှုများဖြစ်ပေါ်လာပါက သင်္ဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးထားသည့် နှစ်ဦးနှစ်ဖက်စလုံးမှ ညှိနှိုင်းဆွေးနွေးခြင်းဖြင့်အငြင်းပွားမှုများကို ပြေလည်ငြိမ်းအေးစေနိုင်သည်။ နှစ်ဦးနှစ်ဖက်အကျေအလည်ညှိနှိုင်းဆွေးနွေး၍ မရရှိခဲ့ပါက မြန်မာနိုင်ငံအတွင်း၌ နှစ်ဦးနှစ်ဖက်အတွက် ခုံသမာဓိလူကြီးတစ်ဦးစီ ခန့်ထားပြီး ညှိနှိုင်းဆွေးနွေးနိုင်ခွင့်ရှိသည်။ နှစ်ဦးနှစ်ဖက်မှ တင်မြှောက်ထားသော ခုံသမာဓိလူကြီးများမှအငြင်းပွားမှုများကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့ပါက အဆိုပါခုံသမာဓိလူကြီးများသဘောတူသော ခုံသမာဓိလူကြီး၏အဆုံးအဖြတ်ကိုနှစ်ဖက်စလုံးမှလက်ခံကြရမည်။ ၎င်းခုံသမာဓိလူကြီး၏အဆုံးအဖြတ်မှာ မြန်မာနိုင်ငံ အနညာတ စီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ(၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄) အရဖြစ်ရပါမည်။ ခုံသမာဓိအဖွဲ့၏ ဖြေရှင်းဆုံးဖြတ်ရန်နေရာမှာ ရန်ကုန်မြို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်သာဖြစ်ရပါမည်။ ခုံသမာဓိရုံး၏ကုန်ကျစရိတ်များကို အမှုရှုံးသည့်ဖက်မှကျခံပေးဆောင်ရမည်။

၁၁။ လွှမ်းမိုးသောဥပဒေ နှင့် လိုက်နာဆောင်ရွက်ရန်ဥပဒေ

၁၁-၁ ဤသဘောတူစာချုပ်ကို စာချုပ်ဝင် နှစ်ဦးနှစ်ဖက်စလုံးသည် မြန်မာနိုင်ငံ၏ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာချက်များ၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဤစာချုပ်ကိုလွှမ်းမိုးသောဥပဒေသည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများဖြစ်သည်။ ဤစာချုပ်ဝင်နှစ်ဦးနှစ်ဖက်စလုံးသည် စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာမြန်မာတရားရုံးနှင့် အယူခံမှုများကို ကြားနာနိုင်သော တရားရုံးအားလုံး၏စီရင်ပိုင်ခွင့်ကို လက်ခံကြပါသည်။

၁၂။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၁၂-၁ ဤသဘောတူစာချုပ်တွင်ပါဝင်သော လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ခွင့်ပြုသဘောတူညီချက်ရရှိပြီးမှသာလျှင် ဆောင်ရွက်နိုင်ခွင့်ရှိကြမည်ဖြစ်သည်။

၁၃။ စာချုပ်အားဖြင့်ပြန်လည်ပြင်ဆင်ဆွေးစပ်ညှိနှိုင်းခြင်း

၁၃-၁ ဤသဘောတူစာချုပ်၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခု ပေါ်ပေါက်လာသဖြင့်စာချုပ်ပါအချက်အလက်များကို ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သောအခါမျိုးတွင်နှစ်ဦးနှစ်ဖက်မှ ဆွေးစပ်ညှိနှိုင်းပြီးစာချုပ်ပါ အချက်များကိုလိုအပ်သလိုပြင်ဆင်ခွင့်ရှိစေရမည်ဖြစ်သည်။

၁၃-၂ ဤကဲ့သို့ပြင်ဆင်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူအတည်ပြုချက်ရရှိပြီးမှသာလျှင် အတည်ဖြစ်စေရမည်။

၁၄။ ကိုယ်စားပြုခြင်းနှင့်အာမခံချက်

၁၄-၁ ဤမြေငှားသဘောတူစာချုပ်ကို ပါဝင်ချုပ်ဆိုကြသူနှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ရန်အတွက် သက်ဆိုင်သောဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားကြပြီးလျှင် ဥပဒေအရလုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိသောသူများဖြစ်ကြောင်းအာမခံသည်။

၁၅။ **ဘာသာစကား**

၁၅-၁ ဤမြေငှားသဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာဘာသာဖြင့် စာချုပ်သုံးစောင်ရေးသားပြီးလျှင် စာချုပ်နှစ်စုံကို နှစ်ဦးနှစ်ဖက်မှ တစ်စုံစီရယူထားပြီး၊ ကျန်သောစာချုပ်တစ်စုံကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထံသို့ပေးပို့၍ စစ်ဆေးခြင်းနှင့်အတည်ပြုချက်များ ရယူနိုင်ရန် ပေးပို့ရမည်။

၁၆။ **အကြောင်းကြားစာ**

၁၆-၁ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများအား အောက်ဖော်ပြပါလိပ်စာများအတိုင်း မြန်မာဘာသာဖြင့်ရေးသားပြီးလျှင် စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ သို့မဟုတ် တဲလက်စ်ဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ နှစ်ဦးနှစ်ဖက်ဆက်သွယ်ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ပေးပို့ရာတွင် သဘောတူစာချုပ်ချုပ်ဆိုစဉ်က လိပ်စာအတိုင်းသော်လည်းကောင်း၊ တစ်ဖက်မှအကြောင်းကြားလာသည့် အခြားလိပ်စာဖြင့်သော်လည်းကောင်းဆက်သွယ်ပေးပို့ရမည်။

လိပ်စာများမှာ-

(က)"အငှားချထားသူ"	(၁)အမည်	-ဦးညီညီအောင်
	(၂)လိပ်စာ	-အမှတ် (၆၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
	(၃)ဖုံးအမှတ်	-
	(၄)ဖက်စ်နံပါတ်	-
	(၅)တဲလက်နံပါတ်	-
(ခ)"အငှားချထားခြင်းခံရသူ"	(၁)အမည်	-မီကိုစနက်(ခ်)အင်ဒတ်စ်ထရီလီမိတက်
	(၂)လိပ်စာ	-အခန်း(ဘီ-၈/စီ-၈)၊ အမှတ် (၂၁၆/၂၂၂)၊ ဗိုလ်မြတ်ထွန်းအိမ်ယာ၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
	(၃)ဖုံးအမှတ်	-
	(၄)ဖက်စ်နံပါတ်	-
	(၅)တဲလက်နံပါတ်	-

၁၆-၂ ယခုကဲ့သို့စာရွက်စာတမ်းများ ပေးပို့ဆက်သွယ်သည့်အခါတွင် ပေးပို့ခြင်းကို လက်ခံရယူသည့်ဖက်မှ လက်ခံရရှိပြီးဖြစ်ကြောင်း အကြောင်းပြန်ကြားစာရရှိပြီးမှသာလျှင် ပေးပို့ခြင်းကိစ္စပြီးမြောက်ပြီးဖြစ်သည်ဟုအတည်ပြုနိုင်သည်။ အကယ်၍တစ်ဖက်ဖက်မှလိပ်စာအပြောင်းအလဲရှိပါက စာဖြင့်ရေးသားပြီး အကြောင်းကြားစာကိုပေးပို့ရမည်။

၁၇။ **အငှားချထားသောမြေ**

၁၇-၁ ဤမြေငှားသဘောတူစာချုပ်အရ အငှားချထားမည့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်ဇုန်(၁)၊ မြေကွက်အမှတ်(၄၆/က) တွင်တည်ရှိသော အငှားချထားသူပိုင်(၀ . ၅၁၀၅)ဧကေ ကျယ်ဝန်းသော မြေနေရာပြပုံကို နောက်ဆက်တွဲ(က) တွင် ပူးတွဲဖော်ပြထားပါသည်။

၁၈။ **တွင်းထွက်ပစ္စည်းများနှင့်သယံဇာတပစ္စည်းများ**

၁၈-၁ ဤမြေငှားသဘောတူစာချုပ်အရ ငှားရမ်းမှုပြုလုပ်ထားသောမြေနေရာတွင် မည်သည့်အချိန်တွင်မဆို ထွက်ပေါ်ရရှိလာသော ဓါတ်သတ္တုများ၊ သဘာဝတွင်းထွက်သယံဇာတပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ကြေးနီ၊ ရေနံနှင့် အခြားသောတူးဖော်ရရှိလာမည့် သဘာဝအရင်း အမြစ်များအားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်သာ သက်ဆိုင်စေရမည်ဖြစ်ပြီး အငှားချထားသူ အနေဖြင့်သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားတင်ပြပေးရမည်ဖြစ်သည်။

၁၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း**

၁၉-၁ **"အငှားချထားခြင်းခံရသူ"** သည် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ၎င်းတို့၏ပတ်ဝန်း ကျင်တစ်ဝိုက်တွင် ဘေးအန္တရာယ်ကျရောက်မှုနှင့် ညစ်ညမ်းမှုများတို့မှ ကာကွယ်ရန်အတွက်လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို **"အငှားချထားခြင်းခံရသူ"** မှ ဆောင်ရွက်ပေးရမည်။ ၎င်းတို့၏အစိတ်အပိုင်း အပေါ်တွင် ဆောင်ရွက်မည့် လုပ်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာမည့် မည်သည့်လျော်ကြေး တောင်းဆိုမှုမျိုးကိုမဆို **"အငှားချထားသူ"** အပေါ်တွင်တာဝန် မရှိစေရ။ **"အငှားချထားခြင်းခံရသူ"** ကသာကျခံပေးချေရမည်။

၂၀။ **အထွေထွေ**

၂၀-၁ ဤမြေငှားသဘောတူစာချုပ်တွင် ဖော်ပြပါရှိသော အချက်အလက်များသည် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတွင် ပြဋ္ဌာန်းထားသောအချက်အလက်များနှင့် အဓိပ္ပါယ်ကွဲလွဲခြင်း၊ ရှေ့နောက်မညီမညွတ်ဖြစ်နေခြင်းများ ဖြစ်ပေါ်လာပါက မြေငှားသဘောတူစာချုပ်တွင် ပြဋ္ဌာန်း ထားသောအချက်အလက်များကိုသာ အတည်ဖြစ်သည်ဟုမှတ်ယူစေရမည်ဖြစ်သည်။

ဤသဘောတူစာချုပ်ကို အထက်ဖော်ပြပါ ------- ခုနှစ်၊ ----------လ နှင့် ------- နေ့ရက်တွင် နှစ်ဦးနှစ်ဖက်မှ တရားဝင်ကိုယ်စားလှယ်များမှ တံဆိပ်ရိုက်နှိပ်ပြီး၊ လက်မှတ်ရေးထိုးသဘောတူညီကြပါသည်။

အငှားချထားသူ	**အငှားချထားခြင်းခံရသူ**
ဦးညီညီအောင်	မီကိုစနက်(ခ်)အင်ဒတ်စ်ထရီလီမိတက် ကိုယ်စား
လက်မှတ် :-----------	လက်မှတ် :-----------
အမည် :-----------	အမည် :-----------
လိပ်စာ :-----------	လိပ်စာ :-----------
အသိသက်သေ	**အသိသက်သေ**
လက်မှတ် :-----------	လက်မှတ် :-----------
အမည် :-----------	အမည် :-----------
လိပ်စာ :-----------	လိပ်စာ :-----------

အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE LABEL တစ်ကျပ် ONE KYAT

အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE LABEL တစ်ကျပ် ONE KYAT

အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE LABEL တစ်ကျပ် ONE KYAT

SPECIAL ADHESIVE LABEL

အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE LABEL လေးကျပ် FOUR KYATS

မူရင်း

မြေငှားစာချုပ်

စက်မှုလက်မှုလုပ်ငန်း

၁၉၉၅ ခုနှစ်၊ (မြေငှား) အမှတ်စဉ် အမှတ် ဃသ/ဂုံ-၁/၀၃၇/၉၅ အရ၊ ထုတ်ပေးသည်။
၂.၅.၉၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ" ဟုရည်ညွှန်းသည်။ "အငှားချထားသူ" ဆိုသည့်စကားရပ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

နှင့် ဂုန်ကုန် မြို့နေ၊ ဦး မြသိန်း ၏၊ သား/သမီး ဖြစ်သော

ဦး ညီညီဇော် အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်)၀၀၀၄၃၂ (နောက်တွင် "အငှားစာချုပ်ရသူ" ဟု ရည်ညွှန်းသည်။) ကို၊ ၁၃၅၇ ခုနှစ်၊ ဝါခေါင် လဆန်း/လပြည့်ကျော် ၈ ရက်နေ့၊ ၁၉၉၅ ခုနှစ်၊

(ဩဂုတ် လ ၃ ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှား စာချုပ်သူက-နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်ခံချက်များကို ပြုသောကြောင့်လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကိုထိုမြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွအငှားချထားသူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ ဓာတ်သတ္တုပစ္စည်းများ၊ မြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကွာရီ (Quarries) စသည်တို့သည်ဤစာချုပ်ဖြင့် အငှားချထားခြင်း၌ မပါဝင်ချေ။ ထိုသို့ရှာဖွေတူးဖော်ရယူ၊ သယ်ဆောင်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကိုနောက်ယှက်ပျက်စီးစေခဲ့လျှင်၊ အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ထိုလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၃.၈.၁၉၉၅ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြားအတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် ၂၀၁၀ ခုနှစ် ဩဂုတ် လ ၂ ရက်နေ့၌၊ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်းတွင် ကျပ် ၁၆၃/- ပြား - (ကျပ်တစ်ရာခြောက်ဆယ့်သုံး/-) တိတိကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင် ပေးဆောင်ရမည်။ အဆိုပါနှစ်ခြောက်ဆယ်ကာလ အပိုင်းအခြား၏ ဒုတိယတဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်၊စတုတ္ထတစ်ဆယ့်ငါးနှစ်အတွက်အပိုဒ် ၃-တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကိုအငှားစာချုပ်ရသူက ပေးဆောင် ရမည်။

၁။ အငှားစာချုပ်ရသူသည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အထက်၌ မြေငှားခကိုပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆိုပါမြေကွက်ပေါ်၌လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံပေါ်၌ သော်လည်းကောင်း၊ အငှားစာချုပ်ရသူအပေါ်၌လည်းကောင်း အဆိုပါ နှစ်ခြောက်ဆယ့် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ စည်းကြပ်လတ္တံ့ ဖြစ်သော အခွန်အတုတ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ်ချုပ်ဆိုသည့်နေ့မှ ၆–လအတွင်း စတင်ဆောက်လုပ်၍ နှစ်နှစ်အတွင်း အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန်ခိုင်ခံသော လူနေအဆောက်အအုံ ဆောက်လုပ်ရန်နှင့် စည်ပင်သာယာရေး သက်ဆိုင်သည့်တရားဥပဒေများနှင့် အညီ ပြီးစီးအောင်ဆောက်လုပ်ရန်နှင့် ထိုလူနေ အဆောက်အအုံကို အဆိုပါ နှစ်ခြောက်ဆယ်ကာလ အပိုင်းအခြားအတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွက်တည်ရှိသော ရပ်ကွက်၌သက်ဆိုင်ရာဒေသန္တရအာဏာပိုင်များက မိလ္လာပိုက်နှင့်ရေပိုက်များ ချထားလျှင် စည်ပင်သာယာရေးဆိုင်ရာ တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော လူနေအဆောက်အအုံနှင့် ထိုမိလ္လာပိုက်၊ ရေပိုက်များနှင့် ဆက်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါ မြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုထက်ပို၍ မဆောက်လုပ်ရန်။

(င) အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြား အတွင်းအဆိုပါ မြေကွက်ကို လူနေအဆောက်အအုံ ဆောက်လုပ်ရန်အတွက်မှတစ်ပါး အခြားကိစ္စအတွက် အသုံးပြုရန်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် လူနေအဆောက်အအုံကို လူနေရန်အတွက်မှတစ်ပါး အခြားနည်း အသုံးမပြုရန်။

(စ) အငှားချထားသူ၏ စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ၊ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်ပြင် ၎င်းမြေ တစ်စိတ်တစ်ဒေသကိုလည်း လွှဲပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများမပြုလုပ်ရ။

(ဆ) ဤစာချုပ်နှင့်စပ်လျဉ်း၍ မည်သည့်ကိစ္စအတွက်မဆို၊ အဆိုပါမြေကွက်သို့ဖြစ်စေ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံသို့ဖြစ်စေနှစ်ပေါင်း ခြောက်ဆယ်ကာလအပိုင်းအခြားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ ဆောင်ရွက်သူများအား နေ့ခင်း သင့်တော်သည့် အချိန်များတွင် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အရ အငှားချထားသည့် နှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ အဆိုပါမြေကွက် တည်ရှိသည့်အဆောက်အအုံ၊ထိုအဆောက်အအုံနှင့် အမြဲတွဲကပ်ထားသော ပစ္စည်းမပါဝင်စေဘဲ၊အဆိုပါမြေကွက်ကိုအငှားချထားသူအား အေးဆေးစွာပြန်လည်ပေးအပ်ရန်။ သို့ရာတွင် အငှားချထားသူက အပိုဒ် ၂–အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရပ်စဲလျှင် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ် ထားသောပစ္စည်းများကို အငှားစာချုပ်ရသူက အငှားချထားသူအား အေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၁၉၉၅ ခုနှစ် အတွင်းတွင် ဖြစ်စေ ထိုနောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါ မြေငှားခကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက် မြေငှားခကို သို့တည်းမဟုတ် ၎င်း၏ အစိတ်အပိုင်းကို ထိုသုံးလပတ်၏ ဒုတိယလ ဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခ မပြေ ကျန်ရှိလျှင် သို့တည်းမဟုတ် အငှားစာချုပ်ရသူသည် အထက်တွင် ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များ အတိုင်း လိုက်နာဆောင်ရွက် ရန် ပျက်ကွက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ မြေငှားခကို ရယူရန် ချက်ချင်း အမှုဖွင့်နိုင်သည်။ ထို့ပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံ ချက် ပျက်ကွက်ခြင်းအတွက် အရေးယူပိုင်ခွင့်ကိုဖြစ်စေ၊အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ စွန့်လွှတ်ခဲ့စေကာမူ ဤစာချုပ်ကို ပယ်ဖျက်၍အဆိုပါ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် တည်ရှိသော အဆောက်အအုံများ၊ ထိုဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပင်္ဋိညာဉ်ခံချက် ပြုလုပ်သည်။

(က)· အပိုဒ် ၂–အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့် နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပင်္ဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက် စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပင်္ဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည် သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌ တည်ရှိနေသော အဆောက်အအုံထိုအဆောက်အအုံနှင့်အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများ သို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ပျက်ဆီးယိုယွင်းခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂–အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည့်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပင်္ဋိညာဉ်ခံ ချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ် ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၁၉၉၅)ခုနှစ်၊ ဩဂုတ် လ၊ (၃)ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံးသည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄–အရ စည်းကြပ်သော သုံးလပတ်မြေငှားခကို လည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄–အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄– အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထား သည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေး ဆောင်ရန်။

